၂၀၀၅ ခုနှစ် စက်တင်ဘာလ (၁၉) ရက်နေ့

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ရဲ့ ကိုယ်စား **Peter Gruber Foundation** က ပေးအပ်တဲ့ ၂၀၀၅ ခုနှစ် အတွက် အမျိုးသမီးအခွင့်အရေးဆုကို၊ ကျမတို့ရဲ့ အဖွဲ့ဝင်ညီအမအဖွဲ့ဖြစ်တဲ့ **SWAN** နဲ့အတူတကွ ပူးတွဲပြီး လက်ခံရတဲ့အတွက် ကျမအများကြီး ဂုဏ်ယူ ဝမ်းသာမိပါတယ်။

ကျမတို့အနေနဲ့ ဒီဆုကို မြန်မာနိုင်ငံက လူ့အခွင့်အရေးနဲ့ တန်းတူညီမျှမှုအတွက် တိုက်ပွဲဝင်နေကြတဲ့ အမျိုးသမီးထု တရပ်လုံးကိုယ်စား လက်ခံရရှိတယ်လို့ ယူဆပါတယ်။ ကျမတို့ မြန်မာပြည်က အမျိုးသမီးတွေကို ကမ္ဘာက မမေ့ကြဘူး ဆိုတာသိရလို့လဲ လှိုက်လှိုက်လှဲလှဲ ဝမ်းသာမိပါတယ်။

ကျမတို့ တိုင်းပြည်ဟာ နှစ် ၅၀ ကျော်ကြာ ပြည်တွင်းစစ်နဲ့ ဒီမိုကရေစီ ဆိတ်သုန်းမှုတွေကြောင့် နိုင်ငံရေး ပဋိပက္ခတွေ ဖြစ်ခဲ့ရသလို၊ တိုင်းရင်းသား လူမျိုးတွေကြားမှာ နားလည်မှု၊ ယုံကြည်မှုတွေ ပျက်ပြားခဲ့ရပြီး၊ စစ်အာဏာရှင် စနစ်အောက်မှာ ပြည်သူတွေရဲ့ ဘဝတွေဟာ ပိုမို ဆိုးရွား နိမ့်ကျခဲ့ရပါတယ်။

အခု ဆုလက်ခံရယူတဲ့ အချိန်မှာလဲ ကျမတို့ရဲ့ မြန်မာပြည်အခြေအနေဟာ အဖက်အဖက်က ဆိုးရွား နေချိန် ဖြစ်ပါတယ်။ ကျမတို့ လေးစားဂုဏ်ယူရတဲ့ ဒီမိုကရေစီ လှုပ်ရှားမှု ခေါင်းဆောင်၊ ဒေါ် အောင်ဆန်းစုကြည်ဟာ နေအိမ်မှာ အကျဉ်းကျခံနေရဆဲ ဖြစ်သလို၊ နိုင်ငံရေးလှုပ်ရှားသူ အားလုံးဟာ မတရားချုပ်ချယ်ခြင်း၊ ဖမ်းဆီးထောင်ချ ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းတွေ ခံနေရပါတယ်။ တိုင်းပြည်ရဲ့ စီးပွားရေး အခြေအနေဟာ ချွတ်ခြုံကျနေပြီး၊ ကျန်းမာရေးနဲ့ ပညာရေး အခြေအနေတွေလဲ ဆုတ်ယုတ်နေပါတယ်။ မျိုးစုံသော လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ကြောင့် ထောင်သောင်းချီတဲ့ ပြည်သူတွေဟာ နေစရာ အိမ်ခြေမဲ့ပြီး၊ ဒုက္ခသည်ဘဝရောက်နေကြရပါတယ်။ ဒီလို မလုံခြုံတဲ့ အခြေအနေတွေကြားမှာ ကျမတို့ရဲ့ တိုင်းရင်းသူ အမျိုးသမီးတွေဟာ လိင်ပိုင်းဆိုင်ရာ ကွဲပြားမှုအပေါ် အခြေခံတဲ့ အကြမ်းဖက်မှုတွေ ရင်ဆိုင်တွေ့ကြုံနေရကြရပါတယ်။

ကျမတို့ **WLB** အဖွဲ့ဟာ အမျိုးသမီးများအား အကြမ်းဖက်ခြင်းကို ဆန့်ကျင်ပြီး အမျိုးသမီး စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းတွေကို တဖက်တလမ်းက စွမ်းဆောင်နေသလို၊ တိုင်းပြည်ငြိမ်းချမ်းရေးနဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေး တို့အတွက် အခြေခံကျတဲ့ လုပ်ငန်းစဉ်တွေ ချမှတ်ပြီး၊ နယ်စပ်ဒေသရောက် မြန်မာပြည်က ဒုက္ခသည်တွေ၊ ရွှေ့ ပြောင်း အလုပ်သမားတွေကြားမှာ လုပ်ကိုင်ဆောင်ရွက်နေပါတယ်။ ဒ့ါအပြင် နအဖ စစ်အာဏာရှင် လက်အောက် မှာရော၊ အတိုက်အခံအင်အားစုတွေမှာပါ ရှိနေတဲ့ ဖိုဝါဒကြီးစိုးနေတဲ့ အတွေးအခေါ်နဲ့ ခွဲခြားဆက်ဆံမှုတွေကိုလဲ ကျမတို့အနေနဲ့ ကျော်လွှားနိုင်အောင် သိမ်မွေ့စွာနဲ့ ကြိုးစားနေပါတယ်။

အဲဒီလို ကြိုးစားတဲ့နေရာမှာ ကျမတို့လိုပဲ နိုင်ငံတကာက လှုပ်ရှားသူတွေ့ရဲ့ ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုနဲ့ ကူညီပံ့ပိုးမှုတွေဟာ အလွန်ပဲ အရေးကြီးပါတယ်။ အခုလို ဆုရရှိခြင်းကြောင့် ကျမတို့အနေနဲ့ မပြီးဆုံးသေးတဲ့ တာဝန်တွေကို ဆက်လက် ထမ်းဆောင်နိုင်ဘို့ ခွန်အားသစ်တွေ ရတယ်လို့ ပြောပါရစေ။ အဲဒီအတွက် Peter Gruber Foundation နဲ့ အကြံပေး ပုဂ္ဂိုလ်တွေ တခြားအဆိုပြုပေးတဲ့ သူတွေအားလုံးကို အထူးပဲ ကျေးဇူးတင်ရှိ ကြောင်း ပြောကြားလိုပါတယ်ရှင်။

သင်းသင်းအောင်
ကိုယ်စား – အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)